# ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့အစီအစဉ်

# [ ၁၁ - ၃ - ၂၀၁၁ ]

# (သောကြာနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဇုန်လှယ်ထန်း၊ **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကောလိပ်နှစ်ခုထားပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဗညားအောင်မိုး(ခ)ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၏ **တိုင်းရင်းသားလူမျိုးများ၏ ပညာပေးရေး ဌာနများကို ဖွဲ့စည်း ဖွင့်လှစ်ပေးရန်** သင့် မသင့် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစတီဖင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **တိုင်းရင်းသားများ၏ စကား၊ စာပေ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရကျောင်းတွင် သင်ယူခွင့်အခွင့်အရေး** ရှိ မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဃ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ လေယာဉ်ကွင်းတွင် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်ရေး**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ် (မြောက်ပိုင်း) ဖလမ်းနှင့်တောင်ပိုင်း သင့်တော်သည့် နေရာတို့တွင် လေယာဉ်ကွင်း(၂)ခု တည်ဆောက်ပေးနိုင်မှု** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစတီဖင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်** အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ချင်းပြည်နယ်၏ ပြည်နယ်မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန်** အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း -

(က) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊

(ခ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။

၉။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း -

(က) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊

(ခ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။

၁၀။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏လစာငွေမှ လစဉ် အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူရေး စီစဉ်ပေးရန်** အဆိုကို လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း။

- ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

၁၁။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **အသက်(၇၅)နှစ်နှင့် အထက်ရှိသူများအား လစဉ်သင့်တော်သော ထောက်ပံ့ငွေဖြင့် နိုင်ငံတော်က ဂါရဝပြုထောက်ပံ့ရန်နှင့် တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများကိုလည်း အလားတူအငြိမ်းစားလစာအပြင် လစဉ်သင့်တော်သော ထောက်ပံ့ငွေပေးရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၃။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **လက်ရှိ လစာနှုန်းထားမမှီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၄။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၅။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **နိုင်ငံသားတိုင်း လိုလိုလားလား အခွန်ထမ်းဆောင်လိုသူများ ဖြစ်လာစေရေးအတွက် ပြည်သူ့လူ့ပ်ရှားမှု အသွင်သဏ္ဌာန်ပုံစံဖြင့် အများပြည်သူလူထုများအား စည်းရုံးပညာပေးရေး အစီအစဉ်များ ဆောင်ရွက်ရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၆။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါ က ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၇။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ရွှေပြောင်းတောင်ယာ စနစ်ကို တွန်းလှန်နိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းချမှတ်၍ အစားထိုးသီးနှံများ စိုက်ပျိုးရန်အတွက်လိုအပ်သော ချေးငွေကို ဗဟိုဘဏ်မှ ချေးငှားပေးရေး စီမံဆောင်ရွက်ပေးပါရန်** အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါ က ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။